KBZSC

# THE MARKET WATCH

ISSUE 3

KBZSC Securities Trading Aug 3, 2022

## ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်အကျဉ်းချုပ်

## Yangon Stock Exchange Market Summary

ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ မှ ဇွန်လ အထိ အစုရှယ်ယာရောင်းဝယ် မှုပမာဏ စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၇၉၀.၈ သန်းခန့်ဖြစ်ပြီး၊ အစုရှယ်ယာ အရေအတွက် ၁.၄၈ သိန်းကျော် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။ လွန်ခဲ့သော ၃ လ ကာလအတွင်း Block Trading (ရှယ်ယာအရေအတွက်အမြောက်အများရောင်းဝယ်ခြင်း) ပြုလုပ်ခဲ့ခြင်း မရှိပါ။

From April to June 2022, the total number of shares traded on the Yangon Stock Exchange (YSX) was more than 148,000 shares with total trading value of about MMK 790.8 million. No block trading was done during the 3-month period.

| STOCK | APR-JUN HIGH (MMK) | APR-JUN LOW (MMK) | AVERAGE DAILY VOLUME | TOTAL TRADING VALUE (MMK) |
|---|---|---|---|---|
| FMI | 8,000 | 7,400 | 428 | 193.5 mil |
| MTSH | 2,700 | 2,550 | 1,495 | 233.7 mil |
| MCB | 8,500 | 6,800 | 34 | 15.0 mil |
| FPB | 19,500 | 17,000 | 282 | 295.6 mil |
| TMH | 2,700 | 2,500 | 80 | 12.0 mil |
| EFR | 2,700 | 2,150 | 106 | 16.0 mil |
| AMATA | 5,000 | 4,800 | 86 | 24.7 mil |



AUG 5

FMI 31st AGM

2:30 PM (Online)

AUG 17

MAEX 6th AGM

10:00 AM (Online)

KBZSC Telegram Channel

# စာရင်းဝင်ကုမ္ပဏီသတင်း

## Listed Companies’ News Update

### FMI ၏ Head of Finance တာဝန်မှ နှုတ်ထွက်ခြင်းနဲ့ တာဝန်ခန့်အပ်ခြင်း

FMI ကုမ္ပဏီနှင့် ၄င်း၏လက်အောက်ခံ ကုမ္ပဏီများကို Head of Finance အဖြစ်တာဝန်ယူထားသည့် ဒေါ်သီရိကလျာကို ကုမ္ပဏီဒါရိုက်တာအဖွဲ့မှ ၂၀၂၂ခုနှစ်၊ ဇွန်လ ၃၀ရက်နေ့မှစ၍ အလုပ်တာဝန်မှ နှုတ်ထွက်ခွင့်ပြုခဲ့ပါသည်။

ကုမ္ပဏီ၏ လစ်လပ်နေသော Head of Finance နေရာတွင် တာဝန်ထမ်းဆောင်ရန် ဒါရိုက်တာအဖွဲ့သည် အတွေ့အကြုံ၊ အရည်အချင်းနှင့် သင့်လျော်မှုတို့ကို စိစစ်ခဲ့ပြီးနောက် ဒေါ်ခင်ရီမွန်ဝင်းအား ကုမ္ပဏီ၏ Head of Finance နေရာတွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ရက်နေ့မှစတင်၍ ခန့်အပ်ကြောင်း အသိပေးကြေငြာထားပါသည်။ သူမသည် ၂၀၁၂ ခုနှစ်တွင် Yoma Group တွင် Finance Manager အဖြစ်စတင် လုပ်ကိုင်ခဲ့သူဖြစ်ပြီး စာရင်းကိုင်နှင့် ဘဏ္ဍာရေးကဏ္ဍတွင် (၂၀) နှစ်ကြာ အတွေ့အကြုံရှိသူဖြစ်ပြီး University of London မှ စာရင်းကိုင်ဘွဲ့ရရှိထားပြီး Certified Public Account (CPA) အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။

### FMI – Resignation & Appointment of Head of Finance

FMI’s board of directors announced the resignation of Daw Thiri Kalyar, Head of Finance of FMI, effective on June 30, 2022.

The board of directors also announced the appointment of Daw Khin Yemon Win to take the Head of Finance position, effective on July 1, 2022 after having assessed relevant experience, qualifications and suitability. She joined Yoma Group as Finance Manager in 2012 and has over 20 years of experience in the finance and accounting field. She holds a Bachelor of Finance and Accounting in the University of London and is a Certified Public Accountant.

*Source - YSX*

# စာရင်းဝင်ကုမ္ပဏီများ၏ စီမံခန့်ခွဲရေးအဖွဲ့ ဆွေးနွေးလေ့လာသုံးသပ်ချက်များ

## Listed Companies’ Management Analyses and Discussions

### FMI ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ် စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဆွေးနွေးလေ့လာသုံးသပ်ချက်များ

FMI ကုမ္ပဏီအုပ်စုသည် ၂၀၂၂ ခုနှစ် မတ်လကုန် ၆-လ တာဘဏ္ဍာရေးနှစ် အတွက် စုစုပေါင်းဝင်ငွေမှာ ကျပ် ၁၇၈.၇ ဘီလီယံခန့် ရရှိခဲ့ပြီး ၂၀၂၁ ခုနှစ် မတ်လကုန် ၆-လ တာဘဏ္ဍာရေးနှစ်ဝင်ငွေထက် ၁၅.၅% ကျဆင်းခဲ့ပါသည်။ ထိုသို့လုပ်ငန်းစု၏ ဝင်ငွေကျဆင်းရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍမှ ဝင်ငွေကျဆင်းရခြင်းကြောင့်ဖြစ်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှ ဝင်ငွေရရှိမှုမှာ သိသိသာသာတိုးတက်လာခြင်းကြောင့် စုစုပေါင်းဝင်ငွေကျဆင်းမှုမှာ တစ်စိတ်တပိုင်းသက်သာစေခဲ့ပါသည်။

### FMI – FY March 2022 Audited Financial Statements & Management Reports

In FY March 2022 6-month financial year, FMI Group recorded MMK 178.7 billion in revenue which was a 15.5% decrease from the previous 6-month financial year. This decrease in Group revenue was mainly due to a decline in revenue from its financial arm although the healthcare business realized a significant increased in revenue during the financial year.

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY Mar-2022 (Audited)** | HY Mar-2021 | % Change |
|---|---|---|---|
| Revenue | **138,693,464** | 164,065,048 | (15.5%) |
| Cost of revenue | **(83,634,074)** | (86,412,959) | 3.2% |
| Gross profit | **55,059,390** | 77,652,089 | (29.1%) |
| *Gross Profit margin* | ***39.7%*** | *47.3%* | |
| Administrative expenses | **(45,127,471)** | (53,576,132) | 15.8% |
| Finance expenses | **(1,671,447)** | (1,758,393) | 5.0% |
| Other (losses)/gains, net | **(162,040)** | 498,541 | (132.5%) |
| Share of losses of associates and joint ventures, net of tax | **(1,735,612)** | (579,020) | (199.8%) |
| Profit before income tax | **6,362,820** | 22,237,085 | (71.4%) |
| Income tax expense | **(1,582,144)** | (6,601,356) | 76.0% |
| **Profit for the year/period** | **4,780,676** | 15,635,729 | (69.4%) |
| Fair value gains/(losses) of available-for-sale investments | **1,061,695** | (631,802) | 268.1% |
| Share of other comprehensive losses of associates | **(455,071)** | (5,070,192) | 91.0% |
| **Other comprehensive income/(losses) for the year/period, net of tax** | **606,624** | (5,701,994) | 110.6% |
| **Total comprehensive income for the year/period** | **5,387,300** | 9,933,735 | (45.8%) |
| | | | |
| **Profit attributable to:**[1] | | | |
| Owners of the Company | **1,470,464** | 8,421,653 | |
| Non-controlling interests | **3,310,212** | 7,214,076 | |
| | **4,780,676** | 15,635,729 | |

| အကြမ်းအမြတ်အချိုး<br>Gross Profit Margin | အသားတင်အမြတ်အချိုး<br>Net Profit Margin | ရှယ်ယာတစ်စုဝင်ငွေ<br>Earnings per share |
|---|---|---|
| 39.69% | 3.45% | MMK 44 |

ရိုးမဘဏ်လုပ်ငန်းမှရရှိသည့် ဝင်ငွေသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ထက် ၂၅.၈% ကျဆင်းခဲ့သော်လည်း ပန်းလှိုင်ဆေးရုံမှာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် Covid-19 ရောဂါနှင့် သက်ဆိုင်သော ကျန်းမာရေးဝန်ဆောင်မှုများမှ ဝင်ငွေပိုမိုရရှိခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ထက် ၇၂.၈% သိသိသာသာတိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။ ကုမ္ပဏီအုပ်စု၏ အကြမ်းအမြတ်သည် ကျပ် ၅၅.၁ ဘီလီယံခန့်သို့ ကျဆင်းခဲ့သော်လည်း ကုမ္ပဏီသည် စီမံခန့်ခွဲမှုဆိုင်ရာအသုံးစရိတ်များနှင့် ဘဏ္ဍာရေး ဆိုင်ရာအသုံးစရိတ်များ ထိန်းချုပ်နိုင်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်ဝင်ငွေမှာ ကျပ် ၅.၃ ဘီလီယံခန့်ရှိခဲ့သည်ကို တွေ့ရပါသည်။

Although the revenue from Yoma Bank recorded a 25% decrease compared to the previous financial year, Pun Hlaing Hospital's revenue increased significantly by 72.8% from its healthcare and Covid-19 related services. Although the Group's gross profit decreased to MMK 55.1 billion, the Group was able to control its administrative and finance expenses, with the net profit recorded at MMK 5.3 billion for the latest financial year.

## MTSH ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

MTSH သည် ၂၀၂၂ ခုနှစ် မတ်လတွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေမှာ ကျပ် ၃.၃၇ ဘီလီယံ ရရှိခဲ့ပြီး ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၁၄% တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။ သို့သော် ကုန်သွယ်မှုလုပ်ငန်းမှ ကုန်ကျငွေများပါဝင်ခဲ့သောကြောင့် ကုမ္ပဏီ၏ အကြမ်းအမြတ်မှာ ကျပ် ၅၅၆ သန်းသို့ ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ ကိုဗစ်ရောဂါဖြစ်ပွားမှုနှင့် အခြားမတည်ငြိမ်သော အခြေအနေများကြောင့် တွဲဖက်လုပ်ငန်းများမှ ရရှိသော အမြတ်ဝင်ငွေများ ကျဆင်းခဲ့ကာ ကုမ္ပဏီ၏ အသားတင်အမြတ်ဝင်ငွေများမှာ ကျပ် ၁.၀၈ ဘီလီယံခန့်သာ ရရှိခဲ့သည်ကို တွေ့ရပါသည်။

## MTSH – FY 2022 Management Discussion & Analysis

In the FY March 2022 financial year, MTSH recorded MMK 3.37 billion in revenue which was a 14% increase compared to the previous financial year. However, due to an increase in trading costs, the Company's gross profit declined to MMK 556 million. With Covid-19 and other uncertainties, the Group realized the net profit of only MMK 1.08 billion due to a decline in profits from its associates.

Kyat in million

| | Changes | 31-Mar-2022 | 30-Sep-2021 |
|---|---|---|---|
| Revenue | ▲ | 3,368 | 2,948 |
| Cost of sales | ▲ | (2,812) | (962) |
| **Gross profit** | ▼ | **556** | **1,986** |
| Selling & administrative expenses | ▼ | (810) | (1,768) |
| Share of profit from associate | ▼ | 1,945 | 2,581 |
| **Operating profit** | ▼ | **1,691** | **2,799** |
| Income from non-operating activities | ▼ | 263 | 1,587 |
| Unrealized Foreign Exchange Gain/(Loss) | ▼ | (839) | 4,638 |
| **Total profit before tax** | ▼ | **1,115** | **9,024** |
| Income tax expense | ▼ | (31) | (178) |
| **Net profit** | ▼ | **1,084** | **8,846** |
| Gross profit margin | ▼ | 17% | 67% |
| Earning per share (Kyat) | ▼ | 30 | 218 |

အကြမ်းအမြတ်အချိုး

Gross Profit Margin

16.51%

ရှယ်ယာတစ်စုဝင်ငွေ

Earnings per share

MMK 30

အနာဂတ်အလားအလာအနေဖြင့် MTSH သည် မြေငှားရမ်းခြင်းမှ ရရှိနိုင်မည့်ဝင်ငွေမှာ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများမှ အခြေအနေအရပ်ရပ်ကြောင့် ကာလတို အတွင်းသိသာသည့် တိုးတက်မှုကို မျှော်လင့်မနိုင်သေးသော်လည်း ကာလရှည်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြန်လည် ကောင်းမွန်လာသည့် ကာလတစ်ခုအထိ စောင့်ဆိုင်းရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ ဆောင်ရွက်ပေးနိုင်သည့် အထူးစီးပွားရေးဇုန်များ မတည်ရှိသေးသောကြောင့် ပြည်တွင်းပြည်ပ စီးပွားရေးအခြေအနေ အရပ်ရပ်တို့တိုးတက်ကောင်းမွန်လာပါက ရင်းနှီးမြှုပ်နှံသူများအတွက် အရည်အသွေးပြည့်မီသည့် အထူးစီးပွားရေးဇုန်အဖြစ် ရပ်တည်သွားနိုင်မည် ဖြစ်ပါသည်။ လက်ရှိအချိန်တွင် MTSH သည် စီမံခန့်ခွဲမှုမှရရှိသည့်ဝင်ငွေ၊ ရေနှင့် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများမှရရှိသည့် အမြတ်ငွေတို့ဖြင့် ရပ်တည်လျက်ရှိပါသည်။

Looking at the future outlook, although MTSH may not expect a significant growth in land rental income due to uncertainties in both local and international economic environment and will have to look long-term and monitor the recovery of global economy. Since Thilawa SEZ currently has little or no competition in Myanmar in terms of having a quality infrastructure, it will still be the top choice of investment destination for investors once there is economic recovery. MTSH currently maintains itself from maintenance and management fees and profit from utilities business.

*Source - YSX*

## MCB ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

၂၀၂၂ မတ်လကုန် ဘဏ္ဍာရေးနှစ်တွင် MCB ၏ အတိုးရဝင်ငွေသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်တိုးတက်ခဲ့ပြီး အတိုးပေးရငွေများ လျော့ချနိုင်ခဲ့ခြင်းကြောင့် အသားတင်အတိုးရဝင်ငွေများ သိသိသာသာ တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။ ဘဏ်၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ခဲ့သည့်အတွက် လုပ်ငန်းလည်ပတ်မှုမှရရှိသည့် ဝင်ငွေများမှာလည်း ၅၉% တိုးတက်လာခဲ့ပြီး အခွန်မဆောင်မီ အမြတ်ဝင်ငွေမှာ ကျပ် ၆.၃၄ ဘီလီယံခန့်ရရှိခဲ့သည်ကို တွေ့ရပါသည်။

## MCB – FY 2022 Management Discussion & Analysis

In FY March 2022 financial year, MCB recorded a slight increase in interest income compared to the previous financial year and a significant decrease in interest expenses which resulted in a substantial increase in net interest income for the Company. The bank's operating expenses increased from the bank's expansion in its operations and the profit before income tax was recorded at MMK 6.34 billion.

**In Millions**

| Details | For the six month period | | Increase/(Decrease) | |
|---|---|---|---|---|
| | 31-03-2022 (Audited) | 31-3-2021 (Review Audited) | Amount | % |
| Interest Income | 22,887.85 | 22,837.53 | 50.32 | 0.22% |
| Interest Expense | (13,079.51) | (17,228.40) | (4,148.89) | -24% |
| **Net Interest Income** | **9,808.34** | **5,609.13** | **4,199.21** | **75%** |
| Other Operating Income | 2,552.25 | 1,607.38 | 944.87 | 59% |
| **Total Operating Income** | **12,360.59** | **7,216.50** | **5,144.09** | **71%** |
| **Total Operating Expense** | **(6,018.85)** | **(5,666.04)** | **352.81** | **6%** |
| **Profit before Income Tax** | **6,341.74** | **1,550.46** | **4,791.28** | **309%** |

၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဘဏ်၏ အပ်ငွေပမာဏသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၈% ကျဆင်းခဲ့ပြီး ချေးငွေပမာဏမှာလည်း ၃၃% ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့်ဘဏ်၏ အရွယ်အစားမှာလည်း ဘဏ္ဍာရေးရှင်းတမ်းများအရ အနည်းငယ် ကျဆင်းခဲ့ပါသည်။

MCB သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အရံငွေလိုအပ်ချက်အချိုး၊ ငွေသားဖြစ်လွယ်သောအချိုးနှင့် မတည်ရင်းနှီးငွေခိုင်မာမှုလိုအပ်ချက်စဉ်းမျဉ်းများ အစရှိသည့် သတ်မှတ်စံနှုန်းများကို ပြည့်မီအောင် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ထားသည် ကို တွေ့ရပါသည်။

In the FY March 2022 financial year, the bank's deposit amount declined by 8% compared to the previous financial year while its loan amount decreased by 33%, resulting in a slight decrease in the bank's balance sheet.

MCB was alsoable to maintain required reserve ratio, liquidity ratio and several capital adequacy requirements set by the Central Bank of Myanmar as below-

| Statutory Ratio | Required | MCB ratio as at 31st March 2022 |
|---|---|---|
| Reserve Ratio | Minimum 3% (MMK)<br>Minimum 5% (FCY) | 10.43% (MMK)<br>8.67% (FCY) |
| Liquidity Ratio | Above 20% | 67.58% |
| Capital Adequacy- Tier I | Minimum 4% | 20.65% |
| Capital Adequacy- Total | Minimum 8% | 21.90% |

## TMH ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

TMH ကုမ္ပဏီ၏ ဝင်ငွေသည် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂.၆ ဘီလီယံ ရရှိခဲ့ပြီး ပြီးခဲ့သည့် နှစ်ဝက်ဘဏ္ဍာရေးနှစ်ထက် ၇၂% သိသိသာသာ တိုးတက်လာခဲ့သောကြောင့် ကုမ္ပဏီ၏ အကြမ်းအမြတ်ဝင်ငွေမှာ ၄၁% တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် ကုမ္ပဏီ၏ မိုဘိုင်းစီမံကိန်းလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများတိုးပွားလာခဲ့သည့်အတွက် အခြားဝင်ငွေများမှာလည်း ၁၄၅% ခန့် မြင့်တက်လာခဲ့သည်ကို တွေ့ရပါသည်။ သို့သော် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အသုံးစရိတ်များနှင့် ငွေကြေးအတက်အကျ၏ သက်ရောက်မှုများကြောင့် ၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀၀ သန်းကျော် အရှုံးပေါ်ခဲ့သည်ကို တွေ့ရပါသည်။

## TMH – FY 2022 Management Discussion & Analysis

In FY March 2022 financial year, TMH recorded a significant increase in revenue at MMK 2.6 billion which was a 72% increase from the previous financial year. This resulted in a 41% increase in the Company’s gross profits. In addition, the Company also gained revenue from its Mobile Project, resulting in 145% increase in other income. However, the company realized an increase in administration expenses and effects of foreign exchange rate volatility which impacted the Company’s net loss of MMK 100 million.

| | FY 2021-2022(Mini) Oct 2021 to Mar 2022 (Ks’000) | HY (2020-21) Oct 2020 to Mar 2021 (Ks’000) | %Change |
|---|---|---|---|
| **Revenue** | 2,698,003 | 1,570,588 | 72% |
| Cost of Goods Sold | (1,755,515) | (903,276) | 94% |
| **Gross Profit** | 942,488 | 667,312 | 41% |
| **Other Income** | 214,355 | 87,647 | 145% |
| Administration Expenses | (1,259,871) | (838,060) | 50% |
| Profit/ (Loss) before Tax | (103,028) | (83,101) | 24% |
| **Other Comprehensive Income for the Year** | | | |
| Fair value adjustment of Investments | (8,085) | (8,085) | |
| **Total Comprehensive Income for the Year** | (111,113) | (91,186) | 22% |

အကြမ်းအမြတ်အချိုး

Gross Profit Margin

34.93%

အသားတင်အမြတ်အချိုး

Net Profit Margin

-4.11%

TMH ကုမ္ပဏီ၏ ဝင်ငွေရရှိခဲ့သည့် ခွဲတမ်းကို အောက်ပါအတိုင်းဖော်ပြ လိုက်ပါသည်။

Below is the breakdown of TMH’s revenue -

| | FY 2021-2022 Oct 2021 to Mar 2022 (Ks’000) | HY (2020-21) Oct 2020 to Mar 2021 (Ks’000) |
|---|---|---|
| **IFM Project** | 944,419 | 948,872 |
| **Fiber Project** | 18,735 | |
| **Mobile Project** | 336,067 | 305,818 |
| **Other Project** | 1,398,782 | 315,898 |
| | 2,698,003 | 1,570,588 |

## EFR ၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

EFR ကုမ္ပဏီသည် ၂၀၂၂ ခုနှစ် နှစ်ဝက်ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းဝင်ငွေ ကျပ် ၃၃.၉၂ ဘီလီယံခန့် ရှိခဲ့ပြီး ယခင် နှစ်ဝက် ဘဏ္ဍာရေးနှစ်ထက် ၂၀၀% နီးပါးတိုးတက်မှုရှိခဲ့သည်ကို တွေ့ရပါသည်။ ဝင်ငွေများတိုးတက်ခဲ့သောကြောင့် ကုမ္ပဏီ၏ အကြမ်းအမြတ်ငွေများလည်း ကျပ် ၃၄.၀၂ ဘီလီယံအထိ မြင့်တက်ခဲ့ပါသည်။

EFR နှင့် သက်ဆိုင်သည့် လုပ်ငန်းခွဲကုမ္ပဏီအားလုံးတို့၏ လုပ်ဆောင်ချက်များကို ထည့်သွင်းတွက်ချက်ပြီးပါက ကုမ္ပဏီ ၏ အသားတင်အမြတ်ဝင်ငွေမှာ ပြီးခဲ့သည့် နှစ်ဝက်ထက် ၆၀၂% အထိတိုးတက်ခဲ့ပြီး ကျပ် ၇၁၉ သန်းခန့်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့တိုးတက် လာရခြင်းမှာ ငွေလဲလှယ်နှုန်း အတက်အကျ၊ တွဲဖက်လုပ်ငန်း များဖြစ်သည့် EFR Trading နှင့် တွဲဖက်လုပ်ငန်းများ၏ ကောင်းမွန်သောစွမ်းဆောင်မှုများ ကြောင့် ဖြစ်ပါသည်။

## EFR – FY 2022 Management Discussion & Analysis

In FY March 2022 financial year, EFR's group revenue was recorded at MMK 33.92 billion which was a 200% increase from the previous financial year. This has resulted in the increase in gross profits of MMK 34.02 billion.

After recording the performances of EFR and its subsidiaries, the Group's net profit realized a 602% increase to MMK 719 million compared to the previous financial year. This was mainly due to foreign exchange rate changes and improved performance from its subsidiaries such as EFR Trading.

| DESCRIPTION | (Oct2020-Mar2021) (Audited) | (Oct2021-Mar2022) (Audited) | % Changes |
|---|---|---|---|
| Revenue | 11,358,228,282 | 33,920,647,043 | 199% |
| Other Income | 3,931,466 | 98,370,920 | 2402% |
| **Total Income** | **11,362,159,748** | **34,019,017,963** | **199%** |
| Cost of goods sold | (10,129,519,788) | (30,836,785,847) | 204% |
| **Gross profit** | **1,232,639,959** | **3,182,232,116** | **158%** |
| *Gross profit Margin* | *10.85%* | *9.35%* | *-14%* |
| Administration expenses | (1,182,575,830) | (1,859,674,764) | 57% |
| Profit before interest and tax | 50,064,129 | 1,322,557,353 | 2542% |
| Share of associates profit / (loss) | (217,717,774) | (130,340,498) | -40% |
| Profit / (Loss) before tax | (167,653,646) | 1,192,216,855 | 811% |
| Income tax expenses | (64,703,393) | (348,081,873) | 438% |
| **Profit after tax** | **(232,357,039)** | **844,134,982** | **463%** |
| **Profit for the year** | **(232,357,039)** | **844,134,982** | **463%** |
| Other comprehensive income for the year | 89,166,500 | (124,672,618) | -240% |
| **Total comprehensive income for the year** | **(143,190,539)** | **719,462,364** | **602%** |

*Source - YSX*


## KBZSC Securities Trading Department Contact Details

License No. : 001
Telephone : 01 230 7305 - 08
Email : trading@kbzsc.com
Website : www.kbzsc.com
Facebook : www.facebook.com/KBZSC
Office Hours : 9:00 AM - 4:30 PM (Monday – Friday)



*Disclaimer:*

*The ideas expressed here should not be construed as an enticement to buy or sell the securities mentioned. The accuracy or completeness of the information provided cannot be guaranteed. All customers should carry out independent verification of information provided. No warranty whatsoever is given and no liability whatsoever is accepted for any loss howsoever arising whether directly or indirectly as a result of actions taken based on ideas and information found in this presentation.*